# အမေရိကန်တွင် အိမ်ငှားခြင်း

အမေရိကန်တွင် လူအများအပြားသည် အိမ်ငှား သို့မဟုတ် အိမ်ကို ရှယ်၍ နေကြသည်။ သင်က အိမ်ရှာပါက သင်၏ ဝင်ငွေထွက်ငွေ၊ ပုံမှန်အားဖြင့် သင့်နေရာရှိ အိမ်ငှားခနှင့် နေအိမ်တွင် သင့်အတွက် အရေးကြီးသော အချက်ကို နားလည်ရန် လိုအပ်သည်။




## အမေရိကန်တွင် အိမ်ငှားခြင်းအကြောင်း

အဓိက အိမ်ပုံစံများမှာ အိမ်ခန်းအဆောက်အအုံ၊ နှစ်လုံးတွဲအိမ်၊ အိမ်ခန်းများအဖြစ် ခွဲထားသော အိမ်၊ မျှဝေနေထိုင်သော အိမ်မှ သင့်အတွက် ငှားရမ်းရန် အခန်း အကြီး၊ အသေး တို့ဖြစ်သည်။ ငှားရန်အိမ်ခန်း၊ နှစ်လုံးတွဲအိမ်နှင့် လုံးချင်းအိမ်တို့တွင် မီးဖို၊ ဧည့်ခန်း၊ ထမင်းစားစားပွဲနေရာ၊ အိပ်ခန်းနှင့် ရေချိုးခန်းအိမ်သာ တစ်ခန်း သို့မဟုတ် ၎င်းထက်ပို၍ ပါဝင်သည်။ မျှဝေနေထိုင်သော အိမ်တွင် မီးဖို၊ ထမင်းစားစားပွဲနေရာနှင့် အများအားဖြင့် ရေချိုးခန်းအိမ်သာကို မျှဝေအသုံးပြုရသည်။



နေရာပေါ်တွင် မူတည်ပြီး ရနိုင်သည့် ငှားရမ်းရန် အိမ်အမျိုးအစား ကွဲပြားသည်။ မြို့ကြီးများတွင် ငှားရမ်းအိမ်ခန်းကိုသာ အများအားဖြင့် တွေ့နိုင်သည်။ မြို့ပြင်ပပိုင်း သို့မဟုတ် မြို့ငယ်များတွင် အိမ်ခန်းများ၊ တွဲလျက်အိမ်များနှင့် လုံးချင်းအိမ်များ တွေ့နိုင်သည်။




သင်က အိမ်ငှားပါက အိမ်ပိုင်ရှင် သို့မဟုတ် အဆောက်အအုံ မန်နေဂျာကို လစဉ် သဘောတူထားသည့် ငွေပမာဏကို ပေးရသည်။ အများအားဖြင့် အိမ်ငှားစာချုပ်ဟု ခေါ်သည့် ငှားရမ်းမှုသဘောတူညီချက်ကို လက်မှတ်ထိုးရသည်။




အိမ်ငှားစာချုပ်သည် သဘောတူထားသည့် ကာလအတွင်း သဘောတူထားသည့် လစဉ်အိမ်ငှားခဖြင့် နေထိုင်နိုင်ရန် အာမခံသည်။

## အိမ် မရှာမီ

အိမ်မရှာမီ သင်သည် သင်၏ ဝင်ငွေထွက်ငွေ အခြေအနေနှင့် သင်လိုလားသည့် နေရာကို သိရမည်။ သင်လိုအပ်သည့် နေအိမ်အတွက် စဉ်းစားလျှင် သင်လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရန် မည်သည့်အရာများကို ***မဖြစ်မနေ*** လိုအပ်သည်ကို စဉ်းစားပါ။ အထူးသဖြင့် သင့်မိသားစုတွင် မသန်စွမ်းသူ ရှိလျှင်ဖြစ်သည်။



ထို့အပြင် သင့်အလုပ်နေရာ၊ ဈေးဝယ်သည့်နေရာ၊ ကျောင်း၊ မိမိအသိုင်းအဝိုင်းစုဝေးရာနေရာ၊ စာကြည့်တိုက်နှင့် အများသုံး သယ်ယူပို့ဆောင်ရေး ရှိသည့် နေရာများကို စဉ်းစားရမည်။ နောက်ဆုံးအားဖြင့် မိသားစု သို့မဟုတ် မိမိအသိုင်းအဝိုင်း အကူအညီရနိုင်သည့်နေရာကို စဉ်းစားပါ။




အိမ်ငှားခသည် အကြီးဆုံး ကုန်ကျစရိတ် ဖြစ်သောကြောင့် လစဉ် အိမ်လခအတွက် မည်မျှအထိ အကုန်အကျခံနိုင်မည်ကို သိရန် သင့်ဝင်ငွေထွက်ငွေကို နားလည်ရန် လိုသည်။ အထွေထွေအားဖြင့် အမေရိကန်ရှိ လူများသည် မိသားစုဝင်ငွေမှ အခွန်နှုတ်ပြီး ကျန်ငွေစုစုပေါင်း၏ ၃၀% ထက်ပို၍ မသုံးကြပါ။ သို့သော် လူသစ်အများအပြားသည် ၎င်းတို့လိုအပ်သော နေအိမ်အတွက် ၄၀% သို့မဟုတ် ၅၀% အထိ သုံးရနိုင်သည်။



## ဈေးသက်သာသည့် အိမ်ရာ ရှာဖွေခြင်း

အမေရိကန် အိမ်ရာသည် အထူးသဖြင့် ဝင်ငွေ အကန့်အသတ် ရှိသူများအတွက် ဈေးကြီးသည်။ သို့သော် အကူအညီ ရနိုင်ပါသည်။



သင့်အား ပံ့ပိုးသူ သို့မဟုတ် ပံ့ပိုးသည့် အဖွဲ့၊ သင်၏ ရွှေ့ပြောင်းနေရာချထားခြင်းဆိုင်ရာ အေဂျင်စီ သို့မဟုတ် မေရီကော့ပ် ကဲ့သို့သော အခြားအဖွဲ့အစည်းများက သင့်အတွက် အိမ်ရာအရင်းအမြစ်များဖြင့် ကူညီပေးနိုင်သည်။

**Cultural Orientation Resource Exchange**

For more information, visit Settle In at settleinus.org.

Refugee Housing SOLUTIONS    CORE Cultural Orientation Resource Exchange    INTERNATIONAL RESCUE COMMITTEE

This resource was created in partnership with Refugee Housing Solutions. Refugee Housing Solutions is a project of Church World Service under an agreement paid for by the U.S. Department of State.